## ၄။ ငှက်ပျောဇာတောင်ဂျပိုး

**Banana Lacewing Bug: *Stephanitis typica* (Distant, 1903)**

**Hemiptera: Tinigidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



အရွယ်ရောက်ကောင်၏ ခန္ဓာကိုယ်သည် လွန်းဆံပုံရှိပြီး ဝါညိုရောင်နှင့် အဖြူရောင်ရောယှက်နေသည့်တောင်ပံပေါ်တွင် အညိုရင့်ရောင်အစက်အပြောက်များပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွယ်မရောက်သေးသည့် ပိုးမသည်ကောင်နှင့် အကောင်ကြီးများသည် အရွက်အောက်မျက်နှာ ပြင်နှင့် ရွက်လယ်ကြောတို့တွင် နေထိုင်စားသောက်လေ့ရှိသည်။ စားသောက်ဖျက်ဆီးမှုကြောင့် အရွက်အပေါ်မျက်နှာပြင်တွင် အဖြူရောင် အစက် ပြောက်ငယ်များဖြစ်ပေါ်ပြီး အောက်မျက်နှာ ပြင် တွင် အမဲရောင် အကွက်များ ကျန်နေသည်ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၁၂)ရက် |
| ပိုးမသည်အဆင့် | -(၁၃)ရက် |

အကောင်ကြီး အဆင့်          - ( ၄-၁၀) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဖျက်ပိုးကျရောက်ဖျက်ဆီးခံထားရသော အပင်များနှင့် အသီးများကို ဖယ်ရှားဖျက်ဆီးပါ။

(၂) အဝါရောင်ပိုးဖမ်းထောင်ချောက်ကို တစ်ကေလျှင် (၅)ခု တပ်ဆင်အသုံးပြုပါ။

(၃) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းစာအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူး ဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ပိုင်မီထရိုဇင်း(Pymetrozine)